NUCC National Unity Consultative Council

အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ

# အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ၏ ဒုတိယအကြိမ် ပြည်သူ့ညီလာခံနှင့် စပ်လျဉ်းသည့် အသိပေးထုတ်ပြန်ချက်

ရက်စွဲ။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၃) ရက်

၁။ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) အနေဖြင့် ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်အရ ပြည်သူ့ညီလာခံ (People's Assembly) အား (၆) လတကြိမ် ကျင်းပရမည်ဖြစ်ပါသည်။ ထို့ကြောင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ပထမအကြိမ် ပြည်သူ့ညီလာခံကို ကျင်းပခဲ့ပြီး နွေဦးတော်လှန်ရေး တစ်ခုလုံးအတွက် အရေးကြီးသည့် အတည်ပြုဆုံးဖြတ်ချက်များ လုပ်ဆောင်နိုင်ခဲ့သည်။

၂။ ဒုတိယအကြိမ်ပြည်သူ့ညီလာခံအား ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် ကျင်းပရန် ဖြစ်သော်လည်း တဘက်မှပေါ် ပေါက်လာသည့် နိုင်ငံရေးဖြစ်ထွန်းမှုဖြစ်စဉ်များအရ နွေဦးတော်လှန်ရေးအား ပိုမို ထိရောက်အားကောင်း လာစေရန်အတွက် သုံးသပ်ပြင်ဆင်မှုများ လုပ်ဆောင်ရန်ရှိလာပါသဖြင့် ဒုတိယအကြိမ် ပြည်သူ့ညီလာခံအား သတ်မှတ်ထားသည့်အတိုင်း ကျင်းပရန် ခက်ခဲခဲ့ရပါသည်။

၃။ တော်လှန်ရေးပိုမိုအားကောင်းလာစေရန် သုံးသပ်ပြင်ဆင်မှုများ အမြန်ဆုံးလုပ်ဆောင်ပြီးစီး သည်နှင့် တပြိုင်နက် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ၏ ဒုတိယအကြိမ် ပြည်သူ့ညီလာခံ အား ကျင်းပသွားမည်ဖြစ်ပါကြောင်း တိုင်းရင်းသားပြည်သူတရပ်လုံးအား လေးစားစွာ အသိပေး ထုတ်ပြန်အပ်ပါသည်။

တော်လှန်ရေးသစ္စာဖြင့်
အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ
ဆက်သွယ်ရန် - office@nucc-federal.org